ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကြံခင်းမြို့နယ်

CDD

လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan(VDP)

ကိုးပင် ကျေးရွာ၊ ကြာအင်းအုပ်စု

၂၀၁၇ ခုနှစ် ကြံခင်းမြို့

## မာတိကာ


၁။ မြို့နယ်မြေပုံ

၂။ ကျေးရွာမြေပုံ(တည်နေရာ)

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံအချက်အလက်များ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်း ဓါတ်ပုံများ

၈။ ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက်(ပုံစံ-၁)

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂)


၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃)

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း(ပုံစံ-၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁. မြို့နယ်မြေပုံ



ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြမြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲ ခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကြံခင်းသစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှည်းချောင်း
ကျောက်နီချောင်း
မှုင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ဧရာဝတီမြစ်
ပတော်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်ပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

# ကြံ့ခင်းမြို့နယ် ကြာအင်းကျေးရွာအုပ်စုပြမြေပုံ




ကြာအင်းကျေးရွာအုပ်စုပြမြေပုံ

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ကြာအင်းအုပ်စုတွင် ပါဝင်သောကျေးရွာများမှာ

၁. ကြာအင်းကျေးရွာ

၂. ကြပ်ကွင်းကျေးရွာ

၃. သရက်တောကျေးရွာ

၄. ကိုးပင်ကျေးရွာ

၅. ကံဆယ်ကျေးရွာ

၆. ကြက်လျှာစွန်းကျေးရွာ

၇. ရှားဖီးဘိုကျေးရွာ

ကြာအင်းကျေးရွာအုပ်စုသည် ကျေးရွာပေါင်း (၇) ရွာဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပါသည်။

## ၄.ကျေးရွာ အခြေခံအချက်အလက်များ

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ကြာအင်းအုပ်စုတွင် ကိုးပင်ကျေးရွာ တည်ရှိပါသည်။ ပုသိမ်-မုံရွာလမ်းမကြီးမှ အရှေ့ဘက် (၃) မိုင်ခန့် ကွာဝေးပါသည်။ ကိုးပင်ကျေးရွာဟု ခေါ်ဆိုရခြင်းမှာ ရွာတည်ထောင်စဉ် အချိန်က အိမ်ကိုးလုံးသာ ရှိသောကြောင့် ဖြစ်ပါသည်။ နှစ်ပေါင်း (၁၀၀) ခန့်ရှိပြီ ဖြစ်ကြောင်း သိရှိရပါသည်။ တောင်ကုန်းပေါ်တွင် နေထိုင်ကြသော ရွာကောင်းတစ်ရွာကလေး ဖြစ်ပါသည်။

ကိုးပင်ကျေးရွာ စတင်တည်ထောင်ချိန်တွင် အိမ်ခြေ (၉)လုံးသာ ရှိ နေထိုင်ကြရာမှ ယခုအခါတွင် အိမ်ခြေ (၃၀) ခန့် နေထိုင်ကြပါသည်။ ကိုးပင်ကျေးရွာ တည်ထောင်စဉ်က တည်ထားကိုးကွယ်ခဲ့ကြသော ဘုရားဟောင်း အပျက်တစ်ဆူကိုလည်း တွေ့ရှိရပါသည်။ ဗမာလူမျိုးများ နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြသူများ ဖြစ်ပါသည်။

ကိုးပင်ကျေးရွာသည် ကံသာယာကျေးရွာ အလယ်ပိုင်းမှ အနောက်ဘက်တောင်ပေါ်သို့ ဆက်သွယ်ထားသော ကျေးရွာ ဖြစ်ပါသည်။ ကျေးရွာ တောင်ပေါ်သို့ အဝင်တွင် နတ်ကွန်းစင် တစ်ခု ရှိပါသည်။

ကိုးပင်ကျေးရွာ၏ အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာနှင့်ကိုင်းလုပ်ငန်း ဖြစ်ပြီး ပဲ၊ မတ်ပဲ၊ မြေပဲနှင့် နှမ်းများ စိုက်ပျိုးကြပါသည်။ ဝါးတော ခုတ်လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

ကိုးပင်ကျေးရွာသည် သဘာဝဘေးအန္တရာယ်ထိခိုက်မှုများ မရှိပေ။ ကျေးရွာတွင် မူလတန်းကျောင်းမရှိ၍ ပညာသင်ယူရေးအတွက် အခက်အခဲများ ရှိကြပါသည်။ သို့သော် ဘက်ရဲမြို့သို့ သွားရောက် ပညာသင်ယူကြရပါသည်။ အခြေခံအဆောက်အဦးနှင့် ပတ်သက်၍ ဖွံ့ဖြိုးမှု နောက်ကျနေကြောင်း တွေ့ရှိရပါသည်။ ရေတွင်း နည်းပါးသောကြောင့် ရေလုံလောက်စွာ အသုံးပြုနိုင်မှုမှာလည်း အခက်အခဲများ ရှိနေကြပါသည်။ မိမိတို့ကျေးရွာ ဖွံ့ဖြိုးရေးအတွက် မျှော်လင့်ချက် အိပ်မက်များ ရှိနေကြပါသည်။

ကျေးရွာသူ/သားများ၏ မျှော်လင့်ချက် အိပ်မက်များမှာ ရေတွင်း၊ ရေကန် ပေါ်များစွာ အသုံးပြုနိုင်ရေး၊ လမ်းဆက်သွယ်ရေး ကောင်းမွန်စေခြင်း၊


လျှပ်စစ် မီးလင်းရေး၊ ရွာဦးစေတီပျက် ပြုပြင်မွမ်းမံခြင်းနှင့် ဓမ္မာရုံတည်ဆောက်ခြင်း၊ ကျေးရွာ ကျောင်းတိုက်၊ ကျေးရွာတွင်းလမ်း ကောင်းမွန်စေခြင်း စသည်တို့ကို ကောင်းကောင်း ဖော်ဆောင်နိုင်သော သဒ္ဓါရှင်များ ရှိနေကြပါသည်။ ထို့ပြင် ကျေးရွာသူ/သားများသည် ရိုးသားခြင်း၊ ကူညီရိုင်းပင်းတတ်ခြင်း၊ စေတနာကောင်း ရက်ရောခြင်း၊ ပူးပေါင်းလုပ်ဆောင်တတ်သော အလေ့အထများ ရှိခြင်း စသည်တို့ဖြင့် ပြည့်စုံပြီး အေးချမ်းသာယာသော ကျေးရွာလေးတစ်ရွာ ဖြစ်ပါသည်။

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၁၄.၁.၂၀၁၆ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၄ | ၄ | ၈ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၁၄.၁.၂၀၁၆ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၃ | ၄ | ၇ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၁၄.၁.၂၀၁၆ | ချမ်းသာ၊ အလယ်အလက်နွမ်းပါးအုပ်စုများ | ၄ | ၃ | ၇ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသက်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၁၄.၁.၂၀၁၆ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊အခြားအဖွဲ့တွင်ပါဝင်သူများ | ၁၄ | ၁၂ | ၂၆ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၁၄.၁၂.၂၀၁၅ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၄ | ၄ | ၈ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင်.အမျိုးသမီးတန်းတူအခွင့်ရေး ရရှိနိုင်မှုပေါ် သုံးသက်ခြင်း |
| ၆။ | အရင်းမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၁၄.၁၂.၂၀၁၅ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၄ | ၄ | ၈ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြဿနာ (Problem) | ၁၆.၁၂.၂၀၁၅ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၁၅ | ၁၃ | ၂၈ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၁၆.၁၂.၂၀၁၅ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၁၅ | ၁၃ | ၂၈ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု |
| ၉။ | ပြဿနာသစ်ပင် (Problem Tree) | | အားလုံး | | | | -ဆွေးနွေးထားသောအခက်ခဲများ<br>-ဖြစ်ပေါ် လာရသည့်အကြောင်းရင်းများ အကျိုးဆက်များ<br>-မည်ကဲ့သို့ဖြေရှင်းရမည်နည်း။ |
| ၁၀ | ကျေးရွာဦးစားပေးလုပ်ငန်း | ၁၆.၁၂.၂၀၁၅ | ကော်မတီဝင်များ၊ ရပ်ရွာလူထုများ၊ တက်ရောက်သူအားလုံး | ၁၅ | ၁၃ | ၂၈ | အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်<br>လိုအပ်ချက် အဆင့်သတ်မှတ်ခြင်း |

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က)လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်




လူမှုအရင်းအမြစ်ပြမြေပုံ

## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်)

- လယ်ယာ၊ သစ်တော၊ တောတောင်များကိုမှီခိုပြီးအသက်မွေးဝမ်းကြောင်းပြုကြသည်။
  အဓိက စီးပွားရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။
- စိုက်ပျိုးရေးမြေယာပိုင်ဆိုင်မှု ဦးရေနည်းပါးပြီး
  အများစုမှာကျပန်းလုပ်သားများ၊ နေ့စားလုပ်သား များ ဖြစ်ကြသည်။
- ကျေးရွာသူ၊ကျေးရွာသားအားလုံးမှာ ဗမာလူမျိုးများဖြစ်ကြ၍ ဗုဒ္ဓဘာသာကိုးကွယ်ကြသည်။
- မိုးရာသီတွင် သောက်သုံးရေဖူလုံသော်လည်း နွေရာသီတွင် ရေရှားပါးသည်။
- သီးနှံစိုက်ပျိုးခြင်းများလုပ်ကိုင်ကြသည်။

## ဖွံ့ဖြိုးရေးလိုအပ်ချက်

- ရွာတွင်းလမ်း
- စာသင်ကျောင်း
- ရွာချင်းဆက်လမ်း
- အစည်းအဝေးခန်းမ
- ဆေးပေးခန်း
- မူကြိုကျောင်း
- ဝင်ငွေတိုးလုပ်ငန်းများ
  - ကြက်၊ ဝက် မွေးမြူရေး
  - စိုက်ပျိုးရေးအတွက်ချေးငွေ

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၁) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်





ရာသီခွင်ပြ ပြက္ခဒိန်

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း(အဓိကဝင်ငွေရလုပ်ငန်း)။
- ထင်းခုတ်၊ ဝါးခုတ်၊  ရာသီပေါ်သီးနှံ တနိုင်တပိုင်စိုက်ပျိုးမှု (အခြားဝင်ငွေရ)။
- လယ်ယာနှင့် တောင်ယာရာသီပေါ်ချိန်ဝင်ငွေများ၊ လုပ်အားခများများရရှိသည်။
- အခြားဝင်ငွေရမှု လုံလောက်မှုမရှိ (အိမ်တွင်းစိုက်ပျိုးသီးနှံများဖြင့် စားဝတ်နေရေးဖြေရှင်း)။
- တန်ခူး၊ ကဆုန်၊ နယုန်၊ တော်သလင်း၊ တပေါင်းလများတွင် လုပ်အားခနည်းပါးသည်။
- ကျန်းမာရေး-ဂါခေါင်လနှင့် တော်သလင်းလတွင် ဖျားနာတတ်သည်။
- တစ်နေ့တာအတွင်းမိသားစုလိုက် အလုပ်အကိုင်မတူ၍ အမျိုးသား နှင့် အမျိုးသမီး ဝင်ငွေမတူ ညီ (အမျိုးသမီးများအိမ်မှုကိစ္စများနှင့် အချိန်ကုန်)။
- အမျိုးသားများမှတာဝန်ခွဲဝေယူမှုနှင့်ကျား၊မရေးရာသိမြင်ခံစားလာအောင်ဆွေးနွေး (အိမ်မှုကိစ္စပိုင်းလုပ်လျှင် ၂-ဦးလုံးဝင်ငွေရရှိနိုင်)။
- တန်းတူညီမျှမှုနှင့် သာတူညီမျှမှုအကြောင်းဆွေးနွေး၍ဝင်ငွေတိုးစေခြင်းကိုဆွေးနွေး။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်





လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

ဥစ္စာခေနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- ကျေးရွာတွင် ( က၊ ခ၊ ဂ၊ ဃ ) အဆင့်( ၄ ) ဆင့်သတ်မှတ်ပြီးရေးဆွဲခဲ့သည်။ (က)အဆင့် အိမ်ထောင်စုများသည် ချမ်းသာ၊ (ခ)အဆင့် အိမ်ထောင်စုများသည် အသင့်အတင့်၊ (ဂ)အဆင့် အိမ်ထောင်စုများသည် နွမ်းပါး၊ (ဃ)အဆင့် အိမ်ထောင်စုများသည် အလွန်နွမ်းပါးဟူ၍ သတ်မှတ်သည်။
- ( ဂ )အဆင့် မပြေလည်သောအုပ်စုတွင် အိမ်ထောင်စု(၇)အိမ်ထောင်စု ပါဝင်သည်။
- မပြေလည်သောအကြောင်းအရင်းများမှာကျပန်းလုပ်ငန်းများလုပ်ဆောင်ရသောကြောင့် ပုံမှန်ဝင်ငွေမရှိခြင်း၊ မိဘများအသိပညာဗဟုသုတနည်းပါးခြင်း၊ ကလေးများအားကျောင်းမထား နိုင်ကြခြင်း၊ အလုပ်အကိုင်အခွင့် အလမ်းနည်းပါးခြင်း၊လယ်ယာမြေ ပိုင်ဆိုင်မှုမရှိခြင်း စသည် တို့ကြောင့် ဖြစ်သည်။
- အစီအစဉ်ရေးဆွဲရာတွင် နွမ်းပါးသူများ၏ အားလပ်ချိန်တွင်ရေးဆွဲခြင်း၊ နွမ်းပါးသူများနှင့် ကျေးရွာလူထု၏ သတ်မှတ်သောအဆင့်များ၊ ၄င်းတို့၏လိုအပ်ချက်များကိုဦးစားပေး စဉ်းစား ရေးဆွဲခဲ့သည်။
- ကျေးရွာအခြေခံအဆောက်အဦးများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေးဆွဲအကောင်အထည်ဖော် လုပ်ငန်း များတွင် ကျေးရွာလူထုနွမ်းပါးသူများဝင်ရောက်လုပ်ကိုင်ခြင်းဖြင့် လုပ်အားခရရှိပြီး ဝင်ငွေများ ရရှိလာမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကျေးရွာတွင် လုပ်ကိုင်ခြင်းဖြင့် ကျေးရွာလူထုမှ အချိန်ကုန်မှုများလျော့လာပြီးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း




အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ

## အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးတွင်အဓိကဦးဆောင်သည်။ ကျေးရွာ အုပ်ချုပ်ရေး အဖွဲ့တွင် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ကျေးရွာရပ်မိရပ်ဖများလည်း ပါဝင်ကြသည်။ အမျိုးသားများသာ ပါဝင်ဖွဲ့စည်း ထားသည်။


လူငယ်ပရဟိတအဖွဲ့သည် ကျေးရွာ၏ သာရေးနာရေးများ နှင့် လူမှုရေးလုပ်ငန်းများကို အုပ်ချုပ်ရေး အဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်သည်။လူငယ်ပရဟိတအဖွဲ့တွင် အမျိုးသမီးများလည်း ပါဝင်ကြသည်။ ၎င်းတို့သည် ကျေးရွာသာရေး၊ နာရေးများ၌ ချက်ရေးပြုတ်ရေးနှင့် ဧည့်သည်ဧည့်ခံ ရေးတို့တွင် အမျိုးသားများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ သည်။


လူထုဗဟိုပြု နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း အုပ်ချုပ်ရေးအဖွဲ့နှင့်ချိတ်ဆက်၍ ကျေးရွာ၏ ဖွံ့ဖြိုးရေး ကို ဆောင်ရွက်ကြသည်။

ကျေးရွာရှိ အုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်နေသကဲ့သို့ လူထုဗဟိုပြုစီမံကိန်း အထောက်အကူပြုအဖွဲ့ နှင့် မီးသတ်အဖွဲ့ စသည်တို့သည်လည်း သက်ဆိုင်ရာ မြို့နယ် အဖွဲ့အစည်း များနှင့် အသီးသီး ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်း စဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှုသုံးသပ်ချက်</u>






အရင်းအမြစ် များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု(ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)

- အမျိုးသမီးများပါဝင်ဆွေးနွေးခြင်း၊ ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့တွင် ပစ္စည်းများအားအမျိုးသားများနှင့်တန်းတူပိုင်ဆိုင်နိုင်ကြောင်းကို ဆွေးနွေးသုံးသပ်ခြင်း ဖြစ်သည်။
- အချုပ်စက်၊ မုန့်ကြိတ်စက် ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသမီးများက အသုံးပြုကြသည်။
- ဆိုင်ကယ်၊ သစ်တော၊ ချောင်း၊ ရေလှောင်ကန်၊ လမ်း၊ လယ်၊ ကိုင်း၊ ရေတွင်း၊ စသည်တို့ ကဲ့သို့သော အရင်းအမြစ်များကို အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုကြသည်။
- အမျိုးသားနှင့်အမျိုးသမီး နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ အလွန်များပြားသည်။ သို့သော် ထိုအရင်း အမြစ်များကို ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ချက်ချခြင်းတို့တွင်မူ အများအားဖြင့် အမျိုးသားများကသာ ထိန်းချုပ်ထားကြ သည်။
- အမျိုးသမီးများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထိန်းချုပ်ရသော( သို့ ) ဆုံးဖြတ်ချက်ချရသော အရင်းမြစ်များမှာ အလွန် နည်းပါးသည်။
- အရင်းအမြစ်များအား ထိန်းချုပ်ခြင်း၊ ဆုံးဖြတ်ခြင်းတို့တွင် အမျိုးသမီးများသည်လည်း အမျိုးသားများနှင့် တန်းတူပြုလုပ်နိုင်ကြောင်း၊ တန်းတူပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဆွေးနွေးခြင်းဖြင့် အမျိုးသားနှင့်အမျိုးသမီး တန်းတူညီမျှမှု ရှိ ပေလိမ့်မည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်




ပင့်ကူအိမ်ကွန်ယက်

**ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက်**

အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချခြင်းနှင့် ခေါင်းဆောင်မှုတို့တွင် အလွန်အားနည်းသည်။

အိမ်တွင်းမှုလုပ်ငန်းများတွင် အချိန်ကုန်ကာ ဝင်ငွေရရှိမှုလည်းနည်းသည်။


ရှေးရိုးစွဲအစဉ်အလာများနှင့် ပညာတတ်မြောက်မှုအားနည်းခြင်းတို့ကြောင့် အမျိုးသမီးများသည် မပြောရဲ၊ မဆိုရဲဖြစ် ရာမှ ပါဝင်ဆုံးဖြတ်ခွင့်မရှိပဲ ဖြစ်နေတတ်သည်။

အချို့သောကဏ္ဍများတွင် အမျိုးသားများ၏လွှမ်းမိုးမှုကြောင့် အမျိုးသမီးများ၏ ပြောဆိုခွင့်များနှင့် ဆုံးဖြတ်ခွင့်များ မေးမှိန်နေတတ်သည်။ ထို့ကြောင့် အမျိုးသမီးများ ပါဝင်နိုင်ဖို့အတွက် အမျိုးသားများ၏နေရာပေးမှုလည်း လိုအပ် သည်။

ကျေးရွာတွင် အသိပညာပေးဆွေးနွေးပွဲများကို အမျိုးသားနှင့် အမျိုးသမီး သီးခြားစီပြုလုပ်ခြင်း၊ အစည်းအဝေးပွဲများ တွင် အမျိုးသမီးများအား ပြောဆိုခွင့်ပေးခြင်း၊ ဆုံးဖြတ်ခွင့်ပေးခြင်းတို့ဖြင့် ၄င်းတို့အား လက်တွဲခေါ်ယူသင့်ပါသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်




အခက်အခဲပြဿနာများ

အခက်အခဲ ပြဿနာများ (ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မူလတန်းကျောင်းမရှိသည့်အတွက် ပညာရေးအခက်အခဲ၊ လျပ်စစ်မီးမရှိသော အခက်အခဲ၊ ကျေးရွာစာကြည့်တိုက်မရှိသည့်အတွက် စာပေဗဟုသုတနည်းပါးခြင်း၊ အစည်းအဝေးကျင်းပရန် ခန်းမဆောင်မရှိခြင်း စသည့်အခက်အခဲများကို အမျိုးသားများက ဖော်ထုတ်ဆွေးနွေးကြသည်။

လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ မူလတန်းကျောင်းမရှိသည့်အတွက် ပညာရေးအခက်အခဲ၊ လျပ်စစ်မီးမရှိသော အခက်အခဲ၊ ကျေးရွာစာကြည့်တိုက်မရှိသည့်အတွက် စာပေဗဟုသုတနည်းပါးခြင်း၊ အစည်းအဝေးကျင်းပရန် ခန်းမဆောင်မရှိခြင်း စသည့်အခက်အခဲများကို အမျိုးသမီးများကလည်း ဖော်ထုတ်ဆွေးနွေးကြသည်။


ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဘက်ပေါင်းစုံမှ သုံးသပ်ထားကြသည်။

အမျိုးသားများအဆိုပြုသော အခက်အခဲများနှင့် အမျိုးသမီးများအဆိုပြုသောအခက်အခဲများ တူညီကြသည်။အမျိုးသမီးများသည် ၎င်းတို့ကျေးရွာ၏အခက်အခဲများကို အမျိုးသားများထက် များစွာဖော်ထုတ်ခဲ့ကြသည်။

အမျိုးသားများသည် ရုပ်ဝတ္ထုပိုင်းကိုသာ အဓိကထားကြသည်။ အမျိုးသမီးများကမူ အခြားအခြားသော ၎င်းတို့ကျေး ရွာအတွက် အခြေခံကြသော အခက်အခဲများကို ဖော်ထုတ်နိုင်ခဲ့ကြသည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(ဈ) ကျေးရွာမျှော်မှန်းချက်အပေါ် သုံးသပ်ခြင်း</u>




မျှော်မှန်းချက်

ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးခြင်းနှင့် စမ်းစစ်ချက် )


အမျိုးသားများအနေဖြင့် ၎င်းတို့ကျေးရွာဖွံ့ဖြိုးရေးအတွက် မျှော်မှန်းကြရာတွင် သောက်သုံးရေဖူလုံရေးကို အဓိကအားဖြင့် မျှော်မှန်းထားကြသည်။ထို့အပြင် ၎င်းတို့သည် ရွာချင်းဆက် လမ်းများ ကွန်ကရစ်လမ်းဖြစ်ရေး၊ ရွာတွင်းလမ်းများကောင်းမွန်ရေး၊ ရွာတွင်စာကြည့်တိုက် ဆောက်လုပ်နိုင်ရေး၊ ဆေးပေးခန်းဆောက်လုပ်နိုင်ရေး ၊တစ်ရွာလုံးလျှပ်စစ်မီးလင်းရေး စသည် ဖြင့် မျှော်မှန်းချက်များ ရှိကြသည်။

အမျိုးသမီးများသည်လည်း အမျိုးသားများနည်းတူ ရွာတွင်စာကြည့်တိုက်ဆောက်လုပ်နိုင်ရန်၊ ဆေးပေးခန်းဆောက် လုပ်နိုင်ရန်၊ တစ်ရွာလုံးလျှပ်စစ်မီးလင်းနိုင်ရေး၊ စာသင်ကျောင်းဆောက်လုပ် နိုင်ရန် ရွာတွင်းလမ်းများကောင်းမွန်ရန်၊ သောက်သုံးရေဖူလုံရေး စသည်ဖြင့် မျှော်မှန်းထားကြသည်။

အမျိုးသားနှင့် အမျိုးသမီးတို့သည် အများအားဖြင့် မျှော်မှန်းချက်ခြင်း တူညီနေကြသည်။ ၎င်းတို့သည် အဓိကအားဖြင့် သောက်သုံးရေဖူလုံရေးကို မျှော်မှန်းထားကြသည်။ သောက်သုံးရေဖူလုံ ပါက ကျန်းမာရေးအတွက်လည်း အထောက်အကူဖြစ်နိုင်သည်။ အမျိုးသမီးများအနေဖြင့်လည်း ရေခပ် ချိန်အကုန်သက်သာ၍ ဝင်ငွေရလုပ်ငန်းများလည်း လုပ်ကိုင်လာနိုင်မည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်လည်း ပါဝင်လုပ်ဆောင်လာနိုင်မည်။

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(၉၂) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်</u>




<u>ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )</u>

ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက်( ဆွေးနွေးခြင်းနှင့်ဆန်းစစ်ချက် )

ကြာအင်းအုပ်စု၊ ကိုးပင်ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်သတ်မှတ် ရာတွင် မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ထိုသို့ မဲပေးရွေးချယ် ရာတွင် မဲအများဆုံးဖြစ်သော ဆက်သွယ်ရေးလမ်းတိုးချဲ့ရန်လုပ်ငန်းအား ဦးစာပေး(၁)အဖြစ် လည်းကောင်း၊ ဒုတိယမဲအများဆုံး စက်ရေတွင်း၊ ရေကန်၊ ရေစက်ရုံလုပ်ငန်းအား ဦးစားပေး(၂)အဖြစ် လည်းကောင်း၊ တတိယမဲအများဆုံး အစည်းအဝေးခန်းမဆောင်ဆောက်လုပ်ရန် လုပ်ငန်းအား ဦးစားပေး(၃) အဖြစ်လည်းကောင်း၊ ရွေးချယ်ခဲ့ကြပါသည်။ ထို့အပြင် ရွာတွင်းစမ်းချောင်းကျောက် ခင်းရန်လုပ်ငန်းအား ဦးစားပေး(၄)အဖြစ်လည်းကောင်း၊ တောင်ပေါ်ဆက်သွယ်ရေးလမ်းပြုပြင်ရန် လုပ်ငန်းအား ဦးစားပေး(၅)အဖြစ်လည်းကောင်း စသည်ဖြင့် မဲစဉ်အလိုက် အသီးသီး ရွေးချယ်ခဲ့ကြပါ သည်။

အဓိကဦးစားပေးလုပ်ငန်းမှာ ဆက်သွယ်ရေးလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဖြစ်သည်။ လမ်းကောင်းမွန်ပါက ကျောင်းသားများလည်း သွားလာရေးအဆင်ပြေချောမွေ့နိုင်၍ ဒေသထွက် သီးနှံများ ရောင်းဝယ်ဖောက် ကားရာတွင်လည်း အဆင်ပြေချောမွေ့နိုင်မည်။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဘက်ဘက်မှ အဆင်ပြေချောမွေ့နိုင်မည်။

လူမှုဆန်းစစ်ခြင်းများအား ကျေးရွာလူထုကိုယ်တိုင်မှ ပူးပေါင်းပါဝင်ရေးဆွဲနေပုံ



ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ



ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီဝင်များစာရင်း

ဒုတိယသုံးနှစ်စက်ဝန်း စီမံကိန်းအထောက်အကူပြု ကော်မတီဝင်စာရင်း

ကိုးပင်ကျေးရွာ

၁၄.၁၂.၂၀၁၆

| စဉ် | အဖွဲ့ | ရာထူး | အမည် |
|---|---|---|---|
| ၁ | ကျေးရွာ စီ/ထောက် | ဥက္ကဋ္ဌ | ဦးမြင့်ဦး |
| ၂ | | ဥက္ကဋ္ဌ | ဒေါ်ကြူကြူသင်း |
| ၃ | ဝယ်ယူရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးဇော်မင်းထွန်း |
| ၄ | | အဖွဲ့ဝင် | ဒေါ်အေးအေးသက် |
| ၅ | | အဖွဲ့ဝင် | ဦးနိုင်ဦး |
| ၆ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးကျော်မင်းနိုင် |
| ၇ | | အဖွဲ့ဝင် | ဦးစန်းနိုင် |
| ၈ | | အဖွဲ့ဝင် | ဒေါ်အေးအေးကြူ |
| ၉ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ဟုန်နီသိမ့် |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်ကြည်ကြည်ခိုင် |
| ၁၁ | | အဖွဲ့ဝင် | ဦးလှမြင့် |
| ၁၂ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦးကျော်ဝင်း |
| ၁၃ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးစန်းကို |
| ၁၄ | | အဖွဲ့ဝင် | ဒေါ်မိချို |
| ၁၅ | စေတနာ့ ဝန်ထမ်း | အဖွဲ့ဝင် | ဦးသန်းထိုက်ဦး |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်သန်းရွှေ |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်*။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးနိုင်ဦး | 09778742172 | ဒေါ်ခင်ခင်ဝိုင် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ဧရာဝတီ | ကြံခင်း | ကြာခင်း | ကိုးပင် |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ဗမာ--- | ၃၁ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၃၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------------- | | ဘာသာရော ----------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ = ကျား + မ<br>၃ + ၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၂ | ၆၂ |
| လူမျိုးစု (၁)--ဗမာ--- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၂၈ | ၃ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် ဆေးတိုက်ပုဂ္ဂလိက | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ______ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ ဖာ ၄၅၀၀ ၀.၈၅ မိုင်

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် --၁၀ မိနစ်-- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန် --၁၀ မိနစ်-- ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျှင်/လှား/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) ----------------------------------

ကျေးရွာခေါင်းဆောင် အမည် ဦးနိုင်ဦး

လက်မှတ် [signature] နေ့စွဲ ၁၄.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး အမည် ဒေါ်စုစုဖြိုင်

လက်မှတ် [signature] နေ့စွဲ ၁၄.၁၂.၂၀၁၆

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | |
|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နုနုမိုင် | |
| နေ့စွဲ ၁၄.၁၂.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း မကွေးတိုင်း မြို့နယ် ဂန့်ဂေါ ကျေးရွာအုပ်စု ကျောက်စင်း ကျေးရွာ ကိုးပင် | |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | |
|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၄.၁၂.၁၆ | ၁၄.၁၂.၁၆ | ၁၄ | ၁၅ | ၁၄ | ၂၉ | ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၅.၁၂.၁၆ | ၁၅.၁၂.၁၆ | ၁၂ | ၁၃ | ၁၂ | ၂၅ | ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၆.၁.၁၇ | ၆.၁.၁၇ | ၁၆ | ၁၄ | ၃၀ | ၃၀ | ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၁၅.၂.၁၇ | ၁၅.၂.၁၇ | ၁၅ | ၁၂ | ၁၈ | ၂၇ | ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၈.၂.၁၇ | ၁၈.၂.၁၇ | ၁၂ | ၁၁ | ၁၃ | ၂၃ | ဗမာ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၂၄.၂.၁၇ | ၂၅.၂.၁၇ | ၇ | ၈ | ၁၅ | ၁၅ | ဗမာ |

# အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း )

ကျေးရွာအုပ်စု - ကြာအင်း

ကျေးရွာ - ကိုးပင်

ပထမအကြိမ်ကျေးရွာအစည်းအဝေး

ရက်စွဲ- ၁၄.၁၂.၂၀၁၆

ကိုးပင်ကျေးရွာ ၏ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို(၁၄.၁၂.၁၆)ရက်နေ့တွင် ရပ်မိရပ်ဖတစ်ဦး၏ နေအိမ် ၌ကျင်းပခဲ့ပါသည်။ အစည်းအဝေးကို နံနက်(၉)နာရီတွင် စတင် ခဲ့ပါသည်။ရပ်မိရပ်ဖတစ်ဦးမှ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။ဆက်လက်၍ ဝန်ထမ်းများမှ မိတ်ဆက်၍ လူထုစည်းရုံးမှုးမှ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။ဆက်လက်၍ အမိကပါဝင်သူများ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာစေတနာဝန်ထမ်း ကျား/မ (၂)ဦးကို ရွေးချယ်ခဲ့ပါသည်။ထို့နောက် ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ပြီး (၁၁း၄၅) နာရီတွင် နေ့လည်ထမင်းစားချိန် ခေတ္တရပ်နားခဲ့ပါသည်။

နေ့လည်(၁း၀၀)နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပြီး ဖွဲ့စည်းရန်ကျန်ရှိနေသော ကော်မတီများကို ဆက်လက်ဖွဲ့စည်းခဲ့ပါသည်။(၂၀၁၆)ခုနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များလည်း ကျေးရွာလူထု၏ဆန္ဒ၊ မိမိတို့၏ဆန္ဒများဖြင့် ဆက်လက်တာဝန်ထမ်းဆောင်ခြင်း/မဆောင်ခြင်းကို ဆန္ဒပြုရွေးချယ်ခဲ့ကြပါသည်။ ထို့နောက်တွင် လူမှုနှင့်သဘာဝအရင်းအမြစ်ပြမြေပုံ၊ ဥတုစာ ခနအဆင့်သတ်မှတ်ခြင်း၊ အရင်းအမြစ် ပိုင်ဆိုင်/ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ အခက်အခဲများ၊ မျှော်မှန်းချက်များ စသည့် လူမှုဆန်းစစ်ခြင်းများကို ဆွေးနွေးသုံးသပ်ခဲ့ကြပါသည်။ထို့နောက်တွင် ပထမအကြိမ်ကျေးရွာအစည်းအဝေးအား ညနေ ၄ နာရီတွင်ရပ်နားခဲ့ပါသည်။

ဒေါ်ခိုခိုမြိုင်

လူထုစည်းရုံးရေးမှူး

# အစည်းအဝေးမှတ်တမ်း

## လူထုဗဟိုပြုစီမံကိန်း( ဒုတိယနှစ်စက်ဝန်း)

ကျေးရွာအုပ်စု - ဤ၁၆၉း

ကျေးရွာ - ကြိုးပင်

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး

ရက်စွဲ - ၁၅.၁၂.၂၀၁၆

ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို( ၁၅.၁၂.၁၆ )ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။အစည်းအဝေးကို နံနက်( ၉ )နာရီတွင်စတင်ခဲ့ပါသည်။ပထမဆုံးအနေဖြင့် ပထမအစည်းအဝေးတွင် ကျန်ရှိနေသေးသော လူမှုဆန်းစစ်ခြင်း(PRA TOOL )များအား ဆက်လက် ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ဆွေးနွေးထားသောလူမှုဆန်းစစ်ခြင်းများအား ပြန်လည်အနှစ်ချုပ် ခဲ့ကြပါသည်။ ထို့နောက် နံနက် (၁၁း၀၀)နာရီတွင် နေ့လည်စာစားချိန် အစည်းအဝေးကို ခေတ္တ ရပ်နားခဲ့ပါသည်။

နေ့လည်( ၁၂း၃၀ )နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါသည်။ နေ့လည်ခင်း အစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အမျိုးသားနှင့် အမျိုးသမီး တစ်ဖက်ဆီ ဖော်ထုတ်၍ သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ဆက်လက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် ဦးစား ပေးလုပ်ငန်းများကို ရွေးချယ်၍ ရွေးချယ်ထားသော လုပ်ငန်း( ၅) ခုအနက်မှ ဦးစားပေးသတ်မှတ်နိုင်ရန် လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။ ထိုသို့မဲပေးရွေးချယ်ရာတွင် မဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၁) အဖြစ်လည်းကောင်း၊ ဒုတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၂) အဖြစ်လည်း ကောင်း၊ တတိယမဲအများဆုံးလုပ်ငန်းအား ဦးစားပေး(၃)အဖြစ်လည်းကောင်း စသည်ဖြင့် ဦးစားပေး လုပ်ငန်းများအား မဲစဉ်အလိုက်အသီးသီး ရွေးချယ်ခဲ့ကြပါသည်။ ထို့နောက် ကျေးရွာရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကားပြောကြား၍ ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို ညနေ (၃း၃၀)နာရီတွင် ပိတ် သိမ်းခဲ့ပါသည်။

အစည်းအဝေးပိတ်သိမ်းပြီးနောက်တွင် ကျေးရွာလူထုမှ ရွေးချယ်ထားခဲ့ကြသော ကျေးရွာ စီ/ထောက်ကော်မတီဝင်များမှ ၄င်းတို့၏ကိုယ်ရေးအချက်အလက်များကို ၄င်းတို့ကိုယ်တိုင်ဖြည့်သွင်း၍ ဆောင်ရန်/ရှောင်ရန်များအား လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဒေါ်စုစုလှိုင်
လူထုစည်းရုံးရေးမှူး

ကြာခင်းဆုံ ၊
ကိုးပင်ကျေးရွာ

ကဏ္ဍအလိုက်အခက်အခဲမှတ်တမ်း

<u>ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ</u>

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ဆက်သွယ်ရေး တာ တိုးချဲ့ခြင်း | ကျား / မ | | လူထုမှ[illegible] | |
| | ၂. | ရေတွင်း ၊ ရေကန် နှင့် ရေတက်၊ ပိုက်လိုင်း သွယ်ယူရေး | ကျား + မ | ၂၀၁၇ | 〃 | |
| | ၃. | [illegible] | ကျား + မ | | | |
| | ၄. | ရွာတွင်း ချောင်း ကျော်ကလမ်း | ကျား + မ | | | |
| | ၅. | တောင်ပေါ် ရွာဝင်လမ်း ပြုပြင်ရန် | ကျား | | | |
| | ၆. | ရေဆိပ်ဆင်းလမ်း ပြုပြင်ရန် | မ | | | |
| အသက်မွေးဝမ်းကြောင်း/ စီးပွားဖြစ်ရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့်လူမှုရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | ၁. | မူလတန်းကျောင်း ပြုပြင်ရန် | မ | | | မြို့နယ် ပညာရေး |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁. | လျှပ်စစ် ဓာတ်[illegible] | ကျား + မ | | | EPC ရုံး |
| | ၂. | ရွာဦးစေတီ ပြုပြင်မွမ်းမံရန် | ကျား | | | |
| | ၃. | ဓမ္မာရုံ တည်ဆောက်ရန် | ကျား + မ | | | |
| | | | | | | |
| | | | | | | |